
ဝန်ရင်း
Read on the move
မဟာရန်ကုန်
အကွားသတ်မျဉ်းများရဲ့
နိုင်ယာရီ
သော်ဇင်အုန်း

# အခန်း(၁)

## သော်ဇင်အုန်း

## မဟာရန်ကုန် အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ

## မဟာရန်ကုန်အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ(၁)

## ဝင်ကြေး ကျပ် ၂၀၀

နိုင်ငံတစ်နိုင်ငံမှာ အစိုးရရဲ့ လုပ်ငန်းတွေ အဆင်ပြေချောမွေ့ရေး၊ လွယ်ကူမြန်ဆန်ရေး အတွက် အဓိကပံ့ပိုးလုပ်ဆောင်နေသူတွေ ဟာ နိုင်ငံ့ဝန်ထမ်းတွေ၊ အောက်ခြေကအုပ်ချုပ်ရေး အဖွဲ့မှာ တာဝန်ယူထားကြတဲ့ ပြည်သူနဲ့ တိုက်ရိုက်ထိတွေ့နေသူတွေ ရဲ့ လုပ်ဆောင်မှု တွေ က အရေး ပါလွန်းလှပါတယ်။

နိုင်ငံရဲ့ အပေါ်ထပ်အဆောက်အအုံ ဖြစ်တဲ့ သမ္မတနဲ့ အစိုးရအဖွဲ့ဝန်ကြီးများ ဟာ အောက်ခြေလူတန်းစားပြည်သူတွေ ရဲ့ အဓိကလိုအပ်ချက်တွေ ကို အချိန်နဲ့တစ်ပြေးညီ သိဖို့ဆိုတာ ပြည်သူနဲ့အနီးစပ်ဆုံး အတူရှိနေကြတဲ့ ဝန်ထမ်းတွေ ၊ ရပ်ကွက်နှင့် ကျေးရွာအုပ် ချုပ်ရေး မှူး တွေ က အချိန်နဲ့အမျှ မှန်မှန်ကန်ကန် တင်ပြအစီရင်ခံနေမှု က အရေး အကြီးဆုံးပါ။

တင်ပြတယ်ဆိုတဲ့နေရာမှာ ပုံမှန်အစီရင်ခံစာမျိုးမ ဖြစ်ဖို့ ကတော့ အရေး ကြီးပါတယ်။ ဒီလလည်း အရင်လအတိုင်း၊ နောက်လလည်းအရင်လအတိုင်းတွေ မျိုးတွေ ကြောင့် နိုင်ငံဘယ် လောက်နစ်နာခဲ့ရပြီလဲ။ `မှတ်တာလုပ်ရင် ရှာပြင်ထုတ်ခံရမယ်' ဆိုတဲ့ စကားပုံအဟောင်းကြီး ကို ဆက်လက် လက်ခံကျင့်သုံးနေကြဦးမယ်ဆိုရင်တော့ ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ပါဘူး။

ဟုတ်ပြီ။ ဒါဆိုရင် တကယ်ပြောင်းအောင် ပြည်သူတွေ ရဲ့ လိုအပ်ချက်တွေ ကို အောက်ခြေအဆင့်က အမြဲစောင့်ကြည့်ပြီး အထက်ကို တင်ပြနေပါပြီလား။

ရန်ကုန်မြို့ တော် ထဲမှာ ပါဝင်တဲ့ ၁၉၉၀ ခုနှစ် က စတင်နေရာချထားတဲ့ ဒဂုံမြို့ သစ်တွေ မှာ ဖြစ်ပျက်နေတာလေးတွေ ကို နမူနာလေး တင်ပြချင်ပါတယ်။ ဒီမြို့ အသစ်နေ ပြည်သူတွေ ဟာ ဝန်ထမ်းအများ စုပါ။ သူတို့တွေ ၂၂ နှစ် ကျော်နေထိုင်နေရတာ အဆင်ပြေကြရဲ့ လား။ စတင်နေရာချထားတုန်းကလည်း ဖြစ်သလို ကိုယ်ထူကိုယ်ထ၊ အခုထိလည်း ကိုယ်ထူကိုယ်ထ အဆင်ပြေအောင် နေနေကြရတုန်း။ ဂဝံခင်းထားတဲ့လမ်းတွေ မှာ မိုးတွင်းမှာ ဗွက်ပေါက်လို့ ကားဝင်မရ၊ လမ်းလျှောက်မရနဲ့ နှစ် ပေါင်းများ စွာ နေခဲ့ကြရပါတယ်။ ခုရော ၂၂ နှစ် ကျော် ကာလမှာ နည်းနည်း လေး အပြင်ပန်း ကတော့ တိုးတက်လာခဲ့တယ်။ အတွင်းလမ်းတွေ က တော့ ကိုယ်ထူကိုယ်ထနေကြရတုန်းပါ။ လမ်းအလိုက် ငွေစုကြပြီး တိုက်ပျက်ကျိုး၊ အုတ်ခဲကျိုး တွေ ဝယ် (ငွေနည်းတဲ့ လမ်းတွေ က သဲအိတ်တွေ ဝယ်)ပြီး မိုးတွင်းမှာ ကိုယ့်လမ်းကိုယ်ခင်း နေကြရတုန်းပါ။

ရန်ကုန်မြို့ တော် ဝန်ဆီကို ဒီလို ဖြစ်နေကြပါတယ်လို့ ဘယ်ဝန်ထမ်း၊ ဘယ်အုပ်ချုပ်ရေး မှူး တွေ က အစီရင်ခံ တင်ပြခဲ့ကြပါသလဲ။ မဟာရန်ကုန်မြို့ တော် သား အောက်ခြေလူတန်းစား မြို့ သစ်သားတွေ လမ်းတွေ မကောင်းလို့ သွားရေး ၊ လာရေး အဆင်မပြေကြပါဘူးလို့ တာဝန်ရှိ ဝန်ထမ်းတွေ ၊ ရပ်ကွက်အဆင့်အုပ်ချုပ်သူတွေ က တင်ပြခဲ့ကြပါသလား။ သူတို့မှာ ဒီတာဝန်တွေ မရှိကြဘူးလား။ အများ ပြည်သူ ဒီလိုနေနေကြရပါတယ်။

ကဲ....ထားတော့၊ လမ်းတွေ ပြင်ဖို့ဆိုတာ ဘတ်ဂျက်အများ ကြီး လိုတာလို့ အကြောင်း ပြဦးမှာ ။ ထားလိုက်တော့။ ဓာတ်တိုင်တွေ ကိစ္စ ပြောကြရအောင်။ မြို့ သစ်ရဲ့ ဓာတ်တိုင်တွေ ဘယ်လိုရှိနေလဲ။ လာကြည့်စေချင်ပါတယ်။ သက်တမ်းကုန်နေတဲ့ ဓာတ်တိုင်တွေ ၊ ကွန်ကရီသားတွေ မရှိ၊ သံချောင်းတွေ ပေါ်နေတဲ့ ဓာတ်တိုင်တွေ ကို မလဲ ကတော့ဘူးလား။ ကျိုးအောင် ထိုင်စောင့်နေကြတာလား။ နမူနာရပ်ကွက်နဲ့ လမ်းကို တင်ပြပါ့မယ်။ ဒဂုံအရှေ့(၁) ရပ်ကွက်၊ မဟေသီလမ်းက ဓာတ်တိုင်တွေ ကို သွားကြည့်လှည့်ကြပါ။ တာဝန်ရှိသူတွေ ကို လိပ်စာ အတိအကျပေးလိုက်ပါတယ်။

အောက်ခြေမှာ ဘာတွေ ဖြစ်နေလဲ၊ အခြေခံပြည်သူလူထုတွေ

ဘယ်လိုနေနေကြရ သလဲဆိုတာ နမူနာလေး ထပ်ဆွဲထုတ်ပြရအောင်။

၁၉-၁-၂၀၁၃ ညက အိမ်နီးချင်း တစ်ယောက် မူးလဲသွားလို့ ဆေးရုံကို အရေးပေါ်လိုက်ပို့ ခဲ့ရတယ်။ သီတာဆောင်ရှေ့ကားရပ်ပြီး လူနာတောင်မှ မဝင်ရသေးဘူး 'အစ်ကိုတို့ ကားဝင်ကြေး' တဲ့။ ဆေးရုံတက်ဖို့လူတွေ ဘာလို့ကြောက်ရပါသလဲဆိုတာ အဲဒါက စတာပါပဲ။ ဒါလေးတွေ ကို ရေး ပြတာ ဘယ်သူ့ကိုမှ ထိခိုက်စေလိုစိတ်မရှိရိုး အမှန်ပါ။ အောက်ခြေက မြို့ နေ လူတန်းစားအများ ကြုံတွေ့ နေကြရတာ လေးတွေ ကို သိစေချင်လို့ပါ။

ဆက်ရေး ပါဦးမယ်။

မဟာရန်ကုန် အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီပေါ့။

•••

# အခန်း(၂)

## မဟာရန်ကုန်အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ(၂)

## လိုအပ်နေတဲ့ တံတားတစ်စင်းနဲ့ ကင်းကြေး ၂၀၀

ကားပါမစ်တွေ ဖွင့်ပေးလိုက် တော့ ကားသစ်တွေ များ လာ၊ ကားတွေ များ တော့ လမ်းတွေ မှာ ကားတွေ ကျပ်၊ ကားတွေ ကျပ်တော့ သွားရလာရတာ အချိန်ကြာ။ ရန်ကုန်ဆိုတာ တစ်နေရာနဲ့တစ်နေရာကို သွားဖို့ အချိန်တွေ ကို ဖြုန်းပစ်နေတဲ့ မြို့ ကြီးပေါ့။

ရန်ကုန်မှာ ကာယ/ဉာဏလုပ်အားတွေ နဲ့ အလုပ်လုပ်နေကြသူအများ စုဟာ မြို့ သစ် တွေ မှာ နေကြသူတွေ ပါ။ သူတို့တွေ ဟာ အလုပ်လုပ်ကြဖို့ မြို့ သစ်တွေ ကနေ မြို့ ထဲကို လာကြ ရတယ်။ မနက်မိုးမလင်းခင်ကတည်းကနေ စပြီးထွက်၊ မိုးစုန်းစုန်းချုပ်မှ အိမ်ပြန်ရောက်ကြရတဲ့ မြို့ သစ်သားတွေ ပါ။ အိမ်ကနေ အလုပ်ရောက်ဖို့ အလုပ်ကနေ အိမ်ပြန်ရောက်ဖို့ လေးနာရီ လောက် နေ့တိုင်းအချိန်ဖြုန်းကြရပါတယ်။

မြို့ သစ်နေ ညီငယ် တစ်ယောက် ရဲ့ သူ့အကြောင်းလေး ပြောပြတာ ကြေကွဲစရာလေး။ သူက မနက်ငါးနာရီလောက် အိမ်ကထွက်ပြီး မြို့ ထဲအလုပ်ကိုအချိန်မီအောင်သွားရတယ်။ ညနေ အလုပ်သိမ်းပြီး အိမ်ပြန်ရောက်တော့ ၉ နာရီ။ သူ့သမီးလေးက ခြောက်လရှိနေပြီ။ တစ်ခါမှ သားအဖမဆုံ ဖြစ်ကြဘူး။ သူအလုပ်သွားတော့ သမီးက အိပ်ရာမထသေးဘူး။ သူပြန်ရောက်တော့ သမီးလေးက အိပ်နေပြီ။ တစ်ညအိပ်နေတုန်း သမီးရဲ့ စူးစူးဝါးဝါး အော်ငို သံကြောင့် လန့်နိုးသွားတယ်။ ဇနီးသည်က သမီးလေးကို ချော့နေတယ်။ ဘာ ဖြစ်တာလဲလို့ မေးတော့ 'သမီးလေးက ခဏနိုးတုန်း ကိုယ့်ကိုတွေ့တော့ လက်ညှိုးထိုးပြီး အော်ငိုတာ' တဲ့။ သမီးလေးက ကျွန်တော့် ကိုတောင် သူ့အဖေမှန်းမသိဘဲ ကြောက်ပြီး ငိုတာလေ။ ဩော် မြို့ သစ်သား တစ်ယောက် ရဲ့ ဘဝ။

ထားတော့။ ပြောစရာတွေ က အများ ကြီးပါ။ ခုအချိန်လေးတွေ ကို သွားတဲ့လာတဲ့နေရာ မှာ ဖြုန်းနေရမယ့်အစား အခြားအကျိုးရှိတာလေးတွေ သုံးလို့ရအောင်

လိုအပ်နေတဲ့ တံတားလေးတစ်စင်းအကြောင်း ပြောပြချင်ပါတယ်။

လှည်းတန်းခုံးကျော်၊ ဘုရင့်နောင်ခုံးကျော်၊ ဘုရင့်နောင်တံတားသစ်၊ ရွှေဂုံတိုင်တံတား တွေ တည်ဆောက်နေတာဟာ ယာဉ်ကြောပိတ်ဆို့မှု ၊ အချိန်ကြာမြင့်မှု တွေကိုဖြေရှင်းဖို့ ရည်ရွယ်ချက် ကြီးကြီးမားမားနဲ့ လုပ်နေကြတာပါ။ ဟုတ်ပြီ။ ခု ကျွန်တော် တင်ပြမှာ က မြောက်ဒဂုံမြို့ သစ်မှာ လိုအပ်နေတဲ့ တံတားတစ်စင်းကိုပါ။ ဒဂုံတက္ကသိုလ်ဘက်ကနေ အောင် မင်္ဂလာအဝေးပြေးကို သွားချင်ရင် မြောက်ဥက္ကလာအဝိုင်းကို ရောက်အောင်သွားပြီးမှ အောင်မင်္ဂလာကို သွားရပါမယ်။ တကယ်ဆို နီးနီးလေးပါ။ ငမိုးရိပ် တံတားတစ်စင်းထိုးပေး လိုက်ရင် ပြည်ထောင်စုလမ်းကနေ ကန်သာယာလမ်းဆုံကို တန်းရောက်သွားမှာ ပါ။ ရေဝေး သင်္ချိုင်းကို နာရေး ကိစ္စသွားရင်လည်း အချိန်ကုန်သက်သာတာပေါ့။ ဒီတံတားရှိရင် အောင် မင်္ဂလာကားဝင်းနဲ့ရော သွားလာရေး အဆင်ပြေသွားမှာ ပါ။ ဒဂုံတက္ကသိုလ်ကို ကျောင်းလာတက်နေတဲ့ ကျောင်းသား၊ ကျောင်းသူတွေ လည်း အချိန်ကုန်သက်သာတာပေါ့။ အရင်က စီမံကိန်းရှိတယ်လို့တော့ ကြားဖူးတယ်။ ငွေကုန်၊ အချိန်ကုန်တာတွေ လျော့သွားမှာ ပါ။ ဘုရင့် နောင် တံတားသစ် ဆောက်သလို ဒီတံတားကို ဆောက်လိုက်ရင်လည်း ဒဂုံနေပြည်သူတွေ အဆင်ပြေမှာ ပါ။ တောင်ဥက္ကလာနဲ့ ဆက်စပ်နေတဲ့ ဘေလီတံတားသစ်ကို ဆောက်သလို ကြို း တံတားလေးနဲ့သာ ချောင်းကိုဖြတ်နေကြရတဲ့ ပြည်သူတွေ ကို တံတားတစ်စင်းလောက် ထပ်ဆောက်ပေးပါလို့ တာဝန်ရှိသူတွေ ကို အကြံပြုလိုပါတယ်။

လမ်းပန်းဆက်သွယ်ရေး တွေ သွားလာလွယ်ကူမှ ပြည်သူတွေ ရဲ့ ဘဝတွေ ကို အထက် က တာဝန်ရှိလူကြီးမင်းများ က သိမှာ ပါ။ ဘယ်မှာ နေလဲဆိုရင် ‘ဒဂုံတက္ကသိုလ်နား’ လို့ ပြော လိုက်ရင် ‘ဟာ အဝေးကြီး’ တဲ့။ သူငယ်ချင်းမိတ်ဆွေတွေ တောင်မှ အိမ်လည်ခေါ်မရ။ ဒဂုံဆို ငြင်းလို့။ ခေတ် ပြောင်းသွား ပြီလို့ လူတွေ ပြောနေကြတဲ့ အထဲမှာ ဒဂုံကရော ပါသလား။

ရန်ကုန်တိုင်းဒေသကြီးက အစိုးရအဖွဲ့ဝင် တာဝန်ရှိလူကြီးမင်းများ ခင်ဗျား။

ဒဂုံမှာ မပြောင်းလဲသေးပါ။ မြို့ ရွာတွေ ရဲ့ လုံခြုံရေး ကို ပြည်ထဲရေး

ဝန်ကြီးဌာနက တာဝန်ယူ လုပ်ဆောင်နေတယ်ဆိုရင် ဒဂုံမြို့ သစ်တွေ မှာ တော့ နည်းနည်း လွဲနေတယ်လို့ ထင်ပါတယ်။ နမူနာလေး တင်ပြပါရစေ။

လစဉ်ကြားနေရတဲ့ လဆန်းရက် ရပ်ကွက်ထဲက အသံလေးပါ။ ခုထိကြားနေရတုန်းပါ။

'အိမ်ရှင်တို့၊ ကင်းကြေး ၂၀၀'တဲ့။

•••

# အခန်း(၃)

## မဟာရန်ကုန်အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ(၃)

### စက္ကူမျှော်တာရေး နဲ့ မရှိသင့်တော့တဲ့ ကိစ္စ

နိုင်ငံတစ်နိုင်ငံမှာ နေတဲ့ နိုင်ငံသားတစ်ဦးဟာ သူ့မွေးဖွားရာ သူ့မိဘ၊ ဘိုးဘွားတွေ နှစ် ပေါင်းများ စွာ နေခဲ့ကြရာ သူ့နိုင်ငံမှာ လွတ်လပ်စွာ သွားလာနေထိုင်ခွင့် အပြည့်အဝရှိမှ အဲဒီ နိုင်ငံဟာ ဒီမိုကရေစီစနစ် အပြည့်အဝရရှိတဲ့နိုင်ငံ၊ ဒီမိုကရေစီနိုင်ငံစစ်စစ်လို့ ခေါ်ဆိုရမှာ ဖြစ်ပါတယ်။

လူတိုင်း လူတိုင်းဟာ အခြားသူတွေ ကို စိတ်အနှောင့်အယှက် သေးသေးမွှားမွှားလေး တောင်မှ မ ဖြစ်စေခဲ့ရင် သူ့ဘာသာသူ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ရှိတာဟာ ဒီမိုကရေစီ ပါ။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ အခုဆိုရင် ဒီမိုကရေစီစနစ်ဆီကို ဦးတည်ပြီး နောက်ပြန် မလှည့်ဘဲ သွားနေပါပြီလို့ နိုင်ငံတော် သမ္မတကြီးကိုယ်တိုင်က ပြောဆိုခဲ့ပြီးပြီ။ ‘မိဘပြည်သူများ ခင်ဗျား’ လို့တောင်မှ မိန့်ခွန်းတွေ ထဲမှာ ခေါ်ဆိုနေပါပြီ။ ခေါင်းဆောင်ပိုင်း ကတော့ အားကြီးမာန် တက် သွားနေကြတာ။ နောက်လိုက်တွေ ကရော ညီညာစွာ နေကြရဲ့ လား။ ရထားတစ်စီးမှာ စက်ခေါင်းကောင်းရုံနဲ့လည်း မရပါဘူး။

နောက်တွဲ တွေ လည်း ကောင်းမှ ရထားဟာ ခရီးဆက်နိုင်မှာ ပါ။ ရထားက ကောင်းနေရုံ နဲ့လည်း မပြီးသေးပါဘူး။ ရထားလမ်းကလည်း ကောင်းမှပါ။ ခရီးသွား ပြည်သူတွေ ကတော့ တန်ရာတန်ကြေး ပေးထားပါတယ်။ ခရီးလမ်းဆုံးရောက်ဖို့ ကတော့ ခရီးသွားတွေ ကို သယ်ဆောင်ခုတ်မောင်းနေတဲ့ ရထားနဲ့ ပတ်သက်တဲ့ ရထားရဲ့ တာဝန်ပါ။ ပြည်သူတွေ က ခရီး သည်တွေ ပါ။ အစိုးရ ကတော့ ရထားတစ်စင်းပေါ့။

ခေါင်းတွဲ ကြီးတွေ နဲ့တူတဲ့ သမ္မတနဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ကတော့

ရထားစီးခရီး သည်နဲ့တူတဲ့ ပြည်သူတွေ နောက်က စီးနင်းလိုက်ပါနေကြတာတွေ အဆင်ပြေရဲ့ လားဆိုတာ တော့ သိချင်မှ သိနိုင်မှာ ပါ။ နောက်တွဲ တွေ ကောင်းမှ လမ်းကလည်းကောင်းမှ အဆင်ပြေနေ မှာ ပါ။ နိုင်ငံခြားက စက်ခေါင်းအသစ်ကြီးတွေ ဘယ်လိုဝင်လာလာ နောက်တွဲ တွေ ၊ လမ်းတွေ မကောင်းရင် လိုရာခရီးကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ရောက်မှာ မဟုတ်ပါဘူး။ အခု ကျွန်တော် တင်ပြမှာ က ခရီးသည်တွေ ရဲ့ နောက်ပိုင်း၊ အောက်ခြေပိုင်းရဲ့ အခြေအနေလေးတွေ ပါ။

ဒီမြန်မာနိုင်ငံမှာ မွေးတဲ့၊ မိဘဘိုးဘွားတွေ ကလည်း တိုင်းရင်းသားစစ်စစ်တွေ ဖြစ်ရက်နဲ့ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ခွင့်မရတဲ့ အကြောင်းလေးတွေ ပါ။ ကျန်ခဲ့တဲ့ အစိုးရ အဆက်ဆက်မှာ ဒီစနစ်ကြီးကြောင့် ထောင်ကျတဲ့သူကျ၊ ဒုက္ခရောက်သူတွေ ရောက်နဲ့ ဆိုးရွား ခဲ့ပါတယ်။ ထားတော့ ဒီမိုကရေစီစနစ်မှာ ရော ဒါတွေ ရှိနေသင့်သေးပါသလား။ နိုင်ငံသား မှတ်ပုံတင်ရှိတယ်။ အိမ်ထောင်စုစာရင်းရှိတယ်။ ဒါဆို ဒီနိုင်ငံသားစင်စစ်တွေ ဒီနိုင်ငံထဲမှာ (အစိုးရက တားမြစ်ထားတဲ့ နေရာမှတစ်ပါး) လွတ်လွတ်လပ်လပ် သွားလာနေထိုင်လို့ ရရမှာ ပေါ့။ ခုတော့ တစ်ရပ်ကွက်ထဲမှာ နေတဲ့ သား၊ သမီးအိမ်ကို မိဘက သွားညအိပ်ရင်၊ တစ်ရပ်ကွက်ထဲမှာ နေတဲ့ မိဘအိမ်ကို မိဘက ညသွားအိပ်ရင်၊ တစ်ရပ်ကွက်ထဲမှာ နေတဲ့ မိဘ အိမ်ကို မိဘကသွားညအိပ်ရင်၊ ရန်ကုန်မှာ နေတာတောင်မှ တောင်ဒဂုံ၊ မြောက်ဒဂုံကို သာရေး ၊ နာရေး ကိစ္စလာရင်၊ ရန်ကုန်ကနေ ရန်ကုန်ထဲမှာ တောင် ညအိပ်ရင် ဧည့်စာရင်းတိုင်နေရတယ်။ မှတ်ပုံတင်ရှိနေတယ်။ ဒီနိုင်ငံသား စင်စစ် ဖြစ်နေတာတောင်မှ ဧည့်စာရင်းတိုင်နေရတယ်။ ဥပမာ ပြောပြတာပါ။ တစ်နိုင်ငံလုံး ဒီအတိုင်းပါ။ ဒါဆို ဒီမိုကရေစီ အနှစ် သာရကို ခံစားနေရတာ သေချာပါရဲ့ လားလို့ မေးခွန်းထုတ်စရာ ဖြစ်လာပါပြီ။ လွတ်လပ်ခွင့်ဆိုတာ၊ လူ့ အခွင့်အရေး ဆိုတာလည်း သံသယ ဖြစ်စရာပေါ့။

ဧည့်စာရင်းတိုင်ရတယ် ဆိုတာကြီးကို ဖျက်သိမ်းပေးဖို့ ဒီနေရာကနေ တာဝန်ရှိ သူများ ကို တောင်းဆိုပါရစေ။

ဒီကိစ္စကြီးမရှိရင် ရရှိလာမယ့် နိုင်ငံတော် ရဲ့ အကျိုးဆက်လေးတစ်ခုကိုလည်း

တင်ပြပါ ရစေ။ စက္ကူတွေ ကုန်တာ သက်သာတာ ကတော့ သေချာပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာ ဆိုရင် ဘယ်လောက်တောင်ဆိုတာ စဥ်းစားကြည့်ရင် သိမှာ ပါ။ စက္ကူမကုန်ရင် စက္ကူဖိုး ပိုက်ဆံ မကုန်တော့ဘူး။ အဲဒီ မှာ ငွေတွေ ဘယ်လောက်ပိုလာမလဲ။ စက္ကူလုပ်တဲ့ ကုန်ကြမ်းပစ္စည်း ဝါးပင်တွေ လည်း သိပ်မခုတ်ရတော့ဘူး။ ဒါတွေ ကို တခြားနေရာတွေ မှာ သုံးလို့ရသလို သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရာလည်း ရောက်ပြီပေါ့။ မကောင်းဘူးလား။ ဒီကိစ္စလေး မရှိရင် ရရှိလာမယ့်အကျိုးရလဒ်ကောင်းတွေ ပါ။ နောက်ဒီကိစ္စကို ရပ်လိုက်လို့ ဧည့်စာရင်းတိုင်ရတဲ့ စက္ကူတွေ ပိုလာရင် နိုင်ငံခြားကို တင်ပို့ရောင် းချရင်လည်း နိုင်ငံခြားဝင်ငွေ တွေ ရတာ ပေါ့။ ဧည့်စာရင်းတိုင်ရတဲ့ အချိန်တွေ လည်း ပိုလာပြီပေါ့။ ငွေလည်း မကုန်တော့ပါ။

သမ္မတကြီးနဲ့ အစိုးရအဖွဲ့တွေ ကို ရိုးရိုးသားသား တင်ပြတာပါ။ မြန်မာတိုင်းရင်းသား စင်စစ်တွေ အရင် အစိုးရလက်ထက်လိုပဲ ဧည့်စာရင်းတိုင်နေရတာ ကို သိရှိစေလိုပါတယ်။ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော် သစ်ကြီးဆီကို သွားနေကြတဲ့ ခုလိုအချိန်မျိုးမှာ ဧည့်စာရင်းတိုင်ရတယ်ဆိုတာကြီးရှိနေသေးတာဟာ မသင့်လျော်တော့ပါကြောင်း တင်ပြအပ် ပါသည်။

•••

# အခန်း(၄)

## မဟာရန်ကုန်အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ(၄)

## ရိုးရိုး ၅၀၀

'ဒီမှာ မှတ်ပုံတင်၊ ဒီဓာတ်ပုံနဲ့ သေသေချာချာ တိုက်ကြည့်လေ။ အဘပုံလေ။ အဘမှ အဘအစစ်'

'ဟုတ်ပါတယ်။ လုပ်ထုံးလုပ်နည်းအရပါ။ အဘ သက်ရှိထင်ရှားနေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ ယူလာပေးပါ အဘရာ'

ရယ်စရာတော့ ရယ်စရာပေါ့။ လူ တစ်ယောက် လုံး အရှင်လတ်လတ် လာနေတာ တောင်မှ ထောက်ခံစာတဲ့။

အဘွားအိုကြီး တစ်ယောက် သူ့ယောကျ်ားဆုံးသွားလို့ မိသားစုပင်စင်ခံစားခွင့်နဲ့ လစဉ် ပင်စင်ထုတ်ရတယ်။ စက်ရုံက လူတွေ က သူ့ယောကျ်ား မသေခင်ကတည်းက ရင်းရင်းနှီးနှီး မိသားစုလိုနေခဲ့တဲ့သူတွေ ၊ အားလုံး အဘွားကို သိကြပြီးသားပါ။ ပင်စင်ဆိုတာ နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့ကြသူတွေ ရဲ့ နောက်ဆုံးနေဝင်ချိန် မျှော်လင့်ချက်ပါ။ ခုကုန်ဈေးနှုန်းနဲ့ ပင်စင်နဲ့ ကိုက်ညီမှု မရှိတော့တာ ကတော့ နိုင်ငံတော် အစိုးရ ပြု ပြင်ပေးရမယ့် ကိစ္စပါ။ ကျွန်တော် ပြောချင်တာက ထောက်ခံစာယူရတဲ့ ဒုက္ခ။

ရုံးလုပ်ထုံးလုပ်နည်းအရ နောက်အိမ်ထောင်မပြုကြောင်း ထောက်ခံစာတဲ့။ အသက် ၆၀ ကျော် အဘွားကြီးပါ။ ဘယ်သူ ယူမှာ လဲ သမီးတို့ရယ်။ အဘွားမလိမ်ပါဘူး။ ကြို က်သလို စစ်ဆေးကြစမ်းပါ။ နောက်အိမ်ထောင် အသာထား။ ဒီပင်စင်လေးထုတ်ဖို့တောင်မှ သော ကပွား နေရ၊ ဒီပင်စင်ကရတဲ့ ပိုက်ဆံတွေ ဘာမှမသုံးဘူးတဲ့။ အမျှ အမျှ အမျှ ပေးဝေချင်လို့ပါ။

ဒါက ရုံးလုပ်ငန်းအရပေါ့။ ပြဿ နာရှိနေတာက ထောက်ခံစာ ယူနေရတာ ပါ။

မြို့ သစ် ဆိုတဲ့ ဝန်ထမ်းတွေ ကို နေရာချထားပေးတဲ့ ဒေသမှာ ထောက်ခံစာကို လွယ်လွယ်ကူကူ ရသလားဆိုတာပါ။

တစ်ခါက ရပ်ကွက်ရုံးရောက်ရင်းအမျိုးသမီး တစ်ယောက် ထောက်ခံစာ လာယူတာနဲ့ ကြုံဖူးတယ်။ သူရမယ့် ပင်စင် ၄၅၀၀ တဲ့။ အဲဒီ မှာ သူထောက်ခံစာယူတာက ဘယ်လောက် ဆိုတာ နောက်ပြောပြပါ့မယ်။ သွားပြန်လမ်းစရိတ်နဲ့ဆို သူဘယ်လောက်ရမလဲ။

နိုင်ငံသား တစ်ယောက် က နိုင်ငံတော် က ပေးအပ်ချီးမြှင့်ခြင်းခံရတဲ့ ထိုက်တန်တဲ့ဘွဲ့ တစ်ခု၊ နှစ် ခု စသည့်ဖြင့် ရရှိခဲ့ပြီး ခိုင်လုံသော နိုင်ငံတော် မှ ပေးအပ်သော စာရွက်စာတမ်းတွေ မူရင်းနဲ့တကွ ပါလာပြီဆိုရင် သူ့အလုပ်လျှောက်လွှာကို လက်ခံစဉ်းစားသင့်ပါတယ်။ သူ့ကိုယ် ရေး အကျဉ်းလည်းပါနေတာပဲ။ မှတ်ပုံတင်တွေ ၊ အိမ်ထောင်စုဇယားတွေ လည်း ရှိနေတာလေ။ ဒါပေမဲ့ မရသေးဘူး။ လျှောက်လွှာ မပြည့်စုံသေးပါဘူးတဲ့။

ကဲ ဒါဆိုရင် ဘာလိုလို့လဲလို့ နားထောင်ကြည့်ကြရအောင်။

'ထောက်ခံစာမူရင်းနဲ့ မိတ္တူ'တဲ့။

ကြားတော် မူကြတဲ့အတိုင်းပါ။ ရပ်ကွက်တွင် းနေထိုင်ကြောင်း ထောက်ခံစာနဲ့ အကျင့် စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတွေ လိုပါသတဲ့။

ရဲစခန်းသွားတော့ တာဝန်ကျရဲအရာရှိက ထိုးပေးလိုက်တာပဲ။ ဟိုမှတ်တမ်းတွေ ဘာ တွေ လှန်၊ သေသေချာချာစိစစ်ပြီးမှ ထောက်ခံပေးလိုက် တာတော့ မဟုတ်ပါဘူး။ ထောက်ခံစာ လိုလို့ အပြေးလာခဲ့ရတဲ့ လူငယ်လေးတွေ ဘဝက မောစရာ၊ အလုပ်လျှောက်သူတိုင်း ခံစားဖူး မှာ ပါ။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာလေးရဖို့ ဘွဲ့ရလူငယ်တွေ လာတဲ့ ရဲစခန်းကလည်းမိုးတွင် းဆို ရေတွေ မြုပ်နေလို့။

မှတ်ပုံတင်ပျောက်လည်း ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်ပျောက်လည်း

ထောက်ခံစာ၊ မွေး/တိုးလည်း ထောက်ခံစာ၊ သေဆုံးလည်း ထောက်ခံစာ၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ရဲ့ ထောက်ခံစာတွေ နဲ့ အသက်ရှင်နေကြရတဲ့ ဘဝပါ။

နမူနာလေးအနေနဲ့ မဟာရန်ကုန်မြို့ သစ်သားတွေ ကြုံတွေ့နေတာကို သမ္မတကြီးနဲ့ တာဝန်ရှိသူတွေ ကို တင်ပြလိုပါတယ်။

'ခေတ်ပြောင်းတယ်ဆိုတာ ဘာမှ လာမပြောနဲ့၊ ငါက ၁၉၉၁ ကတည်းက ရပ်ကွက် ကောင်းကျိုးလုပ်ပေးနေတာကွ။ မင်းတို့ခေတ်က ပြောင်းတယ်ပဲ ပြောပြော၊ ငွေမရှိရင် ရုံက ဘယ်လိုရပ်တည်ရမှာ လဲ။ ညက ဥက္ကဋ္ဌကလာမှာ မကျေနပ်ရင် သူ့ကိုပြော။ ခုလိုချင်ရင်တော့ သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်းပေါ့။

ထောက်ခံစာ ရိုးရိုး ၅၀၀၊ တက္ကစီယာဉ်မောင်း ၁၀၀၀၊ အိမ်လိပ်စာပြောင်း ၁၀၀၀၊ အိမ်ရှင်/ အိမ်ငှား ၂၀၀၀၊ မိသားစုပင်စင်က နှစ် ယောက် စာဆို ၁၅၀၀၊ နောက်အိမ်ထောင် မပြုဘူးဆိုတာက အထူးပေါ့။ အဆင်ပြေသလို ယူတယ်။ ပုံစံ (၁၇)ဆိုတာက ၃၀၀၀။ ဒါစည်းကမ်းပဲ။

ဦးက ဒီရပ်ကွက်ကို ချစ်လို့ ဒီစည်းမျဉ်းအကောင်အထည်ဖော်နေရတာ ။ ဥက္ကဋ္ဌ အဆက်ဆက်သိတယ်နော်။ ဦးက ဘယ်သူ့မှ ဂရုစိုက်တာ မဟုတ်ဘူး။ ဦးက ဒီလိုအနစ်နာ 'ခံနေတာ' တွေ့တယ်နော်။ သားလည်း ခေတ်လူငယ်ပါကွာ။ နားလည်နော်။ မကျေနပ်ရင် တိုင် ချင်ရာတိုင်လို့လည်း ရတယ်တဲ့။ မဟာရန်ကုန် အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီပါ။

•••

# အခန်း(၅)

## မဟာရန်ကုန်အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ(၅)

## ခုထွက်မယ်၊ တော် ကြာထွက်မယ်၊ထွက်ချင်မှလည်း ထွက်မယ်

ယာဉ်အို၊ ယာဉ်ဟောင်းတွေ အပ်နှံပြီး ကားသစ်တွေ တင်သွင်းခွင့်ရပြီဆိုတော့ ပြည်သူ တွေ အထူးသဖြင့် နေ့စဉ် ဘတ်စ်ကားနဲ့ သွားလာနေကြတဲ့ ပြည်သူတွေ ကပျော်ခဲ့ကြပါတယ်။ သူတို့ပျော်တာက ကားသစ်တွေ ကို ဝယ်စီးနိုင်လို့မဟုတ်ပါဘူး။ သူတို့တွေ ကားအသစ် အသာထား ပါမစ်ကြေးတောင်မှ မတတ်နိုင်ပါ။

ဒါဆို သူတို့ ဘာကိုပျော်ကြတာလဲ။

စစ်ကျန်ဘတ်စ်ကားအိုအိုကြီးတွေ မစီးရတော့ဘူးပေ့ါ။ ခဏခဏ မော်တတ်တဲ့ ဒိုင်နာတွေ မစီးရတော့ဘူးပေ့ါ။ ခေါင်းထောင်အောင် လူတင်တဲ့ ဟိုင်းလတ်တွေ မစီးရတော့ဘူး ပေ့ါ။ ထိုင်ခုံ ၁၀ ခုံလောက်ပဲ ထားပြီး လူတွေ ကို ငါးပိသိပ်သလို 'ရတယ် တက်တက်၊ ဆင်းမြန်မြန်ဆင်း' တွေ မကြုံရတော့ဘူးပေ့ါ။ မိုးရွာရင် ကားထဲမှာ ထီးဆောင်းရတဲ့ဒုက္ခတွေ ကင်းပြီပေ့ါ။ ညဏ်အလွန်ကောင်းတဲ့ အထူးဘတ်စ်ကားထိုင်ခုံ စီစဉ်သူတွေ ကြောင့် အထူးမတ်တပ်ရပ်ရတာ တွေ မရှိတော့ဘူးပေ့ါ။

သူတို့ မျှော်တာက ဘတ်စ်ကားအသစ်တွေ ကိုပါ။

ဂျပန် ကိုရီးယားရုပ်ရှင်တွေ ထဲကလို ဘတ်စ်ကားတွေ စီးရတော့မှာ ပါ။ 'စစ်ဆေးရေး ရှိ လို့ နီးစပ်ရာမှတ်တိုင်ပေးပါနော်။ ကူညီပါ' ဆိုတဲ့ အထူးယာဉ်ရဲ့ ဒုက္ခတွေ က ဝေးပြီပေ့ါ။ နောက် ကားကို မမြင်မချင်းရပ်နေပြီး နောက်ကားလာမှ ကားပြိုင်ပွဲလို မောင်းတော့ ဆန်ကောထဲ ဇီးဖြူသီးလှိမ့်သလို ဒုက္ခတွေ မကြုံရတော့ဘူးပေ့ါ။

သူတို့ မျှော်လင့်တာက အဲ့လိုလေးပါ။

မဟာရန်ကုန်မှာ ဘတ်စ်ကားနဲ့ နေ့စဉ်သွားလာနေကြရတဲ့ သာမန်ပြည်သူတွေ

က နိုင်ငံ တကာဘတ်စ်ကားတွေ တင်သွင်းလာ၊ ခရီးသည်တွေ အဆင်ပြေပြေ စီးရမယ်ထင်တာ။ မြို့ သစ်နေ ပြည်သူတွေ က ပိုပျော်တာ။

ဒီချက်ကြီးတွေ ၊ မိုက်ပူတွေ လုပ်ထား။ နိပ်စက်ထား။ ဝအောင် နိပ်စက်ထား၊ ဂတ်စ်ကုန် လို့ နောက်ကားပြောင်းပေးခံရတဲ့ ဒုက္ခတွေ ထုံးတို့လို့ မှတ်ထားလိုက်မယ်။ မိုးချုပ်ရင် 'ဒါ လိုင်း ကားမဟုတ်ဘူး။ အောက်ဆိုက်၊ မကျေနပ်ရင် မစီးနဲ့' ဆိုတာတွေ ပြောင်းတော့မယ်။ "ဒီအချိန် က ကျောင်းထဲမှာ ဘာရှိလို့ဝင်ရမှာ လဲ။ ပြန်လှည့်ရမှာ ။ မရောက်တော့ဘူး' ဆိုတာတွေ မရှိတော့ဘူးပေါ့။

ဒိုင်နာကားပေါ် ထိုင်ခုံ(၂)တန်း၊ မတ်တပ်(၃)တန်း၊ ရင်ချင်းကပ်၊ ကျောချင်းအပ်ဇာတ်လမ်းတွေ သိမ်းပြီး၊ ကားသစ်တွေ လာရင် သံငုတ်ထောင်နေလို့ လုံချည်၊ အင်္ကျီ၊ ဘောင်းဘီတွေ စုတ်ပြဲစရာ မရှိတော့ဘူးပေါ့။ မြို့ သစ်ပြန်ဖို့ ကားပေါ် ခရီးသည်တွေ တင်ထား၊ ကားဘီးကို ရှေ့လှိမ့်လိုက်၊ နောက်ဆုတ်လိုက် 'ခဏလေး၊ ခဏလေး၊ ဟိုမှာ တစ်ယောက် ပြေး လာနေလို့' ခဏလေးတွေ မကြားရတော့ဘူးပေါ့။

မိုးချုပ်ရင် မြို့ သစ်တွေ ပြန်ဖို့ အရင်လို နှစ် ဆင့်၊ သုံးဆင့် စီးစရာမလိုတော့ဘူး။ ဘတ်စ်ကားသစ်တွေ က လိုင်းချိန်အပြည့်ဆွဲမှာ ဆိုပဲ။ ပိုက်ဆံကိုင်စရာ မလိုတဲ့ ဟိုနတ်ပြည်က လာတဲ့ 'နတ်ပိုက်ဆံ'တွေ သုံးတောင်နေပြီဆိုပဲ။ အထူးယာဉ်စစ်တွေ က နေရာတိုင်းမှာ စစ်နေတာ။ စပယ်ယာတွေ ၊ ဒရိုင်ဘာတွေ စည်းကမ်းဖောက်လို့ မရတော့ဘူး။ သာမန်ပြည်သူတွေ ပျော်လို့။

ဟုတ်ကဲ့။ တကယ်ရော ယာဉ်အို၊ ယာဉ်ဟောင်းတွေ ဖျက်သိမ်းလို့ မြို့ ပြင်တွေမှာ ဘတ်စ်ကားတွေ ပြေးဆွဲနေပါပြီလား။ ဘတ်စ်ကားသစ်တွေ စီးနေကြပြီလား။

သစ်သားဘော်ဒီအိုအိုကြီးတွေ က အပ်ထားပြီးသားတဲ့ လုံးဝမပြင်တော့ဘူး။ တောင်းချင်သလို တောင်းတယ်။ မောင်းချင်သလို မောင်းတယ်။

ဘီအမ်ကားတွေ က အမောင်း ဘယ်လောက်ကြမ်းကြမ်း၊ ရမ်းရမ်း၊ သက်ပြင်းလေး ချလိုက်၊ ခေါင်းလေးရမ်းလိုက်၊ ဘုရားစာရွတ်လိုက်နဲ့ စီးနေကြရတာ ပဲ။

မစီးလို့ကော ဘာစီးရ မှာ လဲ။ လူပြည့်နေပေမယ့် နောက်ကားမလာသေးတော့ လီဗာပုတ်လိုက်၊ ရှေ့နည်းနည်း တိုး လိုက်၊ နောက်ပြန်လိမ့်လိုက်နဲ့။

‘ခုထွက်မယ်၊ တော် ကြာထွက်မယ်’ လို့ စပယ်ယာခေါ်နေတော့ ပြွတ်သိပ်ကျပ်နေတဲ့ ကားထဲက လူတွေ ဝိုင်းအော်တယ်။ ‘ထွက်ချင်မှလည်း ထွက်မယ်တဲ့။’

•••

# အခန်း(၆)

## မဟာရန်ကုန်အနားသတ်မျဉ်းများ ရဲ့ ဒိုင်ယာရီ(၆)

## ပြင်ဖို့အချိန်မီသေးတယ်ဗျို့

မိုးတွင်းဆို ရေနစ်မြုပ်တဲ့ဒဏ်ကို ရန်ကုန်တစ်မြို့လုံး ခံစားကြရတာ ပါ။

ဒီဘက်နှစ် ပိုင်းတွေ မှာ တော်တော် ဆိုးလာပါတယ်။ လမ်းတွေ ရေမြုပ်တော့ လမ်းတွေ မြှင့်တယ်။ လမ်းတွေ ကတော့ ရေမမြုပ်တော့ပေမယ့် အိမ်တွေ ထဲ ရေတွေ ဝင်လာရော။ ရေစီးရေလာရဲ့ အဓိကရေမြောင်းတွေ က အမှိုက်တွေ ပြည့်လို့ ပြု ပြင်ဖို့ဆိုတာကလည်း လွယ်ကူတဲ့ ကိစ္စမဟုတ်ပါ။ မြို့ကြီးကို ပြောင်းလဲဖို့က မလွယ်ကူတာ သေချာတယ်။ တာဝန်ရှိ သူတွေ ပြုပြင်လည်း ကျွန်တော် အမြင်အရတော့ မလွယ်ဘူးလို့ ထင်ပါတယ်။

မြို့ရဲ့ နေထိုင်မှု ပုံစံ၊ တည်ရှိမှု အနေအထားတွေ က ပြုပြင်ဖို့ မလွယ်ကူတဲ့အခြေအနေ မှာ ရှိနေပါတယ်။ ရေသွင်းရေထုတ်စနစ်၊ ရေမြောင်းတွေ ရဲ့ ရေသွယ်မှု အနေအထားတွေ က ပြုပြင်ဖို့ခက်နေလို့ပါ။ ဆိုလိုချင်တာက တိုးတက်လာတဲ့ မြို့တော် မှာ အခြေကျပြီးသား မြို့ကွက်ကို ဘယ်လိုပြင်မလဲဆိုတာပါ။

မလွယ်ကူတဲ့ ကိစ္စပါ။ ထားတော့ ကျွန်တော် လည်း မတတ်နိုင်။ သက်ဆိုင်သူတွေ ကလည်း ခေါင်းစားရတဲ့ အခြေအနေမို့ပါ။ ဟုတ်ကဲ့ အဲဒီ ကိစ္စကိုတော့ ပညာရှင်တွေ နဲ့ စီမံကိန်း ရေး ဆွဲအကောင်အထည်ဖော်မှ ရနိုင်မယ်လို့ ထင်ပါတယ်။ ဆေးမြီးတိုနည်းနဲ့တော့ မရလောက် ပါဘူး။

ထားတော့၊ ခုကျွန်တော် ပြောမှာ က အဲဒီ လို နောက်နှစ် မကြာခင်မှာ ဖြစ်လာတော့မယ့် မဟာရန်ကုန်အနားသတ်က မြို့သစ်တွေ ရဲ့ အကြောင်းပါ။ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဝေဘာဂီ၊ ရွှေပေါက်ကံ၊ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းမြို့

သစ်တွေ ရဲ့ အကြောင်းပါ။ အနှစ် ၂၀ ကျော် သက်တမ်းရှိနေပြီ ဖြစ်တဲ့ မြို့ သစ်တွေ ပါ။

ဝန်ထမ်းအများ စုနေထိုင်ရာ မြို့ သစ်တွေ ဆိုတာ စတည်ကတည်းက သေသေချာချာ တည်ဆောက်ခဲ့ရင် ဒီလိုပြောစရာမရှိပါဘူး။ မြို့ သစ်တွေ ကို ဆောက်ခဲ့စဉ်အခါက အမြန်၊ အမြန်ဆိုတဲ့ စစ်အစိုးရရဲ့ အမြန်ဆုံးအကောင်အထည်ဖော်မှု ရဲ့ ဒဏ်ကို မြို့ သစ်နေပြည်သူတွေ စကတည်းက ခံစားခဲ့ကြရပါတယ်။ လမ်းတွေ မကောင်း၊ မီးတွေ မလာ၊ လိုင်းကားရှားပါးမှု စတဲ့ ဒုက္ခပေါင်းစုံကို ခံစားခဲ့ကြရပါတယ်။ အနှစ် ၂၀ ကျော်ခံခဲ့ရပါတယ်။ ထားတော့၊ ဒါတွေ ဟာ အရင်အစိုးရလုပ်ခဲ့တာတွေ လို့ပဲ ထားလိုက်ပါတော့။

လွန်ခဲ့တဲ့ နှစ် နှစ် လောက်တော့ အိမ်ခြံမြေဈေးကွက်လှုပ်လာလို့ ခုဆို မြို့ သစ်မှာ ၁၀ ပေ လောက်ရဖို့တောင်ဈေးက မနည်းတော့ပါဘူး။ လူနေထိုင်မှု ဟာ နှစ် နှစ် အတွင်း မှာ အရမ်းကို တိုးတက်လာပါတယ်။ ဟိုးတုန်းက မြေကွက်လွတ်တွေ ၊ ရေကန်တွေ ရှိပါတယ်။ ဓာတ်အားလိုင်းနဲ့ နီးလို့ ချန်ထားခဲ့တဲ့ မြေတွေ ရှိနေပါတယ်။ ကစားကွင်းတွေ ၊ ပန်းခြံတွေ အတွက် နေရာတွေ ရှိခဲ့ပါတယ်။ အိုးအိမ်ဦးစီးဌာနက မြို့ သစ်ဖော်တဲ့ အရာရှိ တစ်ယောက် က ပြောဖူးတယ်။ မြို့ သစ်တွေ တည်ဖို့ အိုးအိမ်က အင်ဂျင်နီယာတွေ ကို နိုင်ငံခြားလွှတ်ပြီး သေသေချာချာတည်ခဲ့တာတဲ့။ ရေသွင်းရေထုတ်စနစ်၊ ပန်းခြံ၊ ကစားကွင်း၊ ကျောင်းမြေတွေ ဆို အကျယ်ကြီးပေးထားခဲ့သတဲ့။

ထားတော့၊ ကျွန်တော် ပြောချင်တာက အခုအချိန်မီပြုပြင်လို့ရသေးတဲ့ အကြောင်းလေး ပါ။ ရေစီးရေလာကောင်းမှ မြို့ ပြဆိုတာ လှပပြီး ရောဂါ ကင်းမှာ ပါ။ လမ်းတွေ လည်းကောင်းမှ သွားလာရေး လွယ်ကူမှာ ပါ။ ငမိုးရိပ်ချောင်းကို ရေသွင်းရေထုတ်လုပ်နေတဲ့ ရေထိန်းတံခါးတွေ ဟာ အခုဆို သက်တမ်းကြာနေလို့ ပြုပြင်ဖို့ လိုနေပါပြီ။ ရေမြောင်းတွေ ကလည်း ရေစီးရေလာ မကောင်းတော့ပါ။ မိုးတွင်း ဆို ရေက မြေဖို့လို့မနိုင်အောင် တက်နေပါတယ်။ မနှစ် က မြေတူး စက်နဲ့ တူးထားတဲ့ရေမြောင်းတွေ ဟာ ဒီနှစ် နွံတွေ ပြည့်နေပြန်ပါပြီ။

မြို့ သစ်တွေ မှာ ရေစီးရေလာကောင်းဖို့ အဓိက လမ်းမကြီးတွေ ဘေးက

ရေမြောင်းကြီး တွေ ဟာ ခုထိ အုတ်စီတဲ့အခြေအနေ မရှိသေးပါဘူး။ မြောင်းဆယ်လိုက်၊ နွံပြန်ပြည့်လိုက်နဲ့ သံသရာလည်နေပါတယ်။ ရေစီးရေလာ မကောင်းတော့ ခြင်တွေ ပေါက်ဖွား၊ ငယ်ရွယ်သူ အနာဂတ်ရဲ့ မျိုးဆက်သစ်ကလေးငယ်တွေ ဟာ သွေးလွန်တုပ်ကွေး ရောဂါ ကြောင့် ဒုက္ခတွေ ရောက်ကြရတာ မကြားချင်၊ မမြင်ချင်အဆုံးပါ။ လမ်းတွေ ပြင်ရုံနဲ့ မလုံလောက်ပါဘူး။ ရေမြောင်းတွေ လည်း ကောင်းမှ မြို့ ပြနဲ့ ညီမှာ ပါ။

တကယ်ပြင်မယ်ဆိုရင် အချိန်မီသေးပါတယ်။ မြို့ လယ်လို လူနေလည်း သိပ်မထူထပ် သေး။ တိုက်တာအိမ်ခြေတွေ လည်း မများ လှသေးတဲ့ ခုလိုအချိန်မျိုးမှာ စပြင်သင့်ပါတယ်။ နောက်မကျသေးပါဘူး။ ခုမပြင်ရင်တော့ နောင်နှစ် အနည်းငယ်အတွင်းမှာ မြို့ သစ်တွေ ဟာ ပြုပြင်ဖို့ မလွယ်ကူတော့ပါ။

ရန်ကုန်မြို့ တော် မှ တာဝန်ရှိသူများ ကို တင်ပြပါတယ်။ ပြင်ဖို့ အချိန်မီသေးတယ်မျို့။ လှပခေတ်မီတဲ့ မြို့ သစ်တွေ ကို အနာဂတ်မှာ မြင်တွေ့ချင်လို့ပါ။

•••